သင် သိ ချင် မိ သ လား **30 LAWS** လျို့ ဝှက် ချက် များ

# SECRET OF MIND POWER

# စိတ်စွမ်းအားတို့၏ လျို့ဝှက်ချက်



**I MUST**
**I CAN**

မဖြစ်မနေလုပ်ရင်
လုပ်နိုင်ပါတယ်

**MIND POWER IS**
**MOST POWER**

စိတ်စွမ်းအားသည်သာ
အကြီးဆုံးစွမ်းအား

Best Seller - *Life Winning Management* စာအုပ်ရေးသားသူ

ဝင်းမြိုးပိုင် (MESI) ၏ မွေးနေ့အထူးထုတ်



# Secret of Mind Power

## စိတ်စွမ်းအားတို့၏ လျှို့ဝှက်ချက်



သို့ ------------------

“စိတ်စွမ်းအားသည်သာ အကြီးဆုံးစွမ်းအား
မဖြစ်မနေလုပ်လျှင် လုပ်နိုင်ပါတယ်”

ဦးဇင်ဖြိုးပိုင် (MESI)

သင်သိချင်ပါသလား. . . ? စိတ်စွမ်းအာတို့၏ လျှို့ဝှက်ချက်များ

I am Master of my Mind (ငါ၏ စိတ်သည်သာ ငါ၏ အရှင်သခင်ဖြစ်သည်)

Everthing is inside my Mind (ငါလိုချင်တဲ့ အရာအားလုံး ငါ၏ စိတ်ထဲတွင်ရှိ၏)

I Believe Myself, I Can Do It (ငါ ယုံကြည်နေတယ်၊ ငါလုပ်နိုင်ပါတယ်)

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ဖေဖော်ဝါရီလ၊ ၂၀၁၉ (ပထမအကြိမ်)
မတ်လ၊ ၂၀၁၉ (ဒုတိယအကြိမ်)

ထုတ်ဝေသူ - ဦးဇင်ဖြိုးပိုင်
Myanmar Entrepreneur SME
Business Institute (02161)
အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်း။
၀၉ ၇ ၈၈၈၈၈ ၄၃၄၊ ၀၉ ၈၈၈ ၉၉၇၇၄

ပုံနှိပ်တိုက် - ဦးဝင့်ဗိုလ်ဗိုလ်
နန်းသဇင် ပုံနှိပ်တိုက် (၀၀၄၄၁)

မျက်နှာဖုံးဒီဇိုင်း - မြတ်မာလာ (MESI)
အတွင်းဒီဇိုင်း - စန်းမင်းထိုက် (MESI)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၄၀၀၀ ကျပ်

Secret of Mind Power စာမျက်နှာ - ၂၈၄
စိတ်စွမ်းအားတို့၏ လျှို့ဝှက်ချက်
ဇင်ဖြိုးပိုင် (MESI)
ဖေဖော်ဝါရီလ၊ ၂၀၁၉
၅. ၂ x ၇. ၅ လက်မ

# မာတိကာ


- ❖ ဆရာဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း ၈
- ❖ စာရေးသူ၏ အမှာစာ ၁၁
- ❖ ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ ၁၅
- ❖ စာအုပ်မိတ်ဆက် ၂၀
- ❖ Why I Give-up(ဘဝကို ဘာကြောင့် အရှုံးပေးရမှာလဲ) ၂၆
- ❖ ဘဝကို လက်မြှောက်အရှုံးပေးတော့မလိုလား ၂၈
- ❖ Secret of Mind Power
  စိတ်စွမ်းအားသည် အကြီးဆုံး စွမ်းအား ၃၆
- ❖ မကြောက်တတ်တဲ့ကြောင်းလား (သို့မဟုတ်)
  သူရဲကောင်းဘဝလို ရဲရင့်တဲ့ ခြင်္သေ့လား ၄၁

1. The Law of Mind
   စိတ်စွမ်းအားတို့၏ ဥပဒေသ ၄၅

2. The Law of Mind + Learning

စိတ်နှင့် လေ့လာခြင်း ဥပဒေသ ၅၄

3. The Law of Mind + Positive-Thinking

စိတ်နှင့် အကောင်းမြင်ခြင်း ဥပဒေသ ၆၁

4. The Law of Mind + Emotion

စိတ်နှင့် နှလုံးရည်ပြည့်ဝမှု ဥပဒေသ ၆၇

5. The Law of Mind + Fear

စိတ်နှင့် ကြောက်ရွံ့ခြင်း ဥပဒေသ ၇၄

6. The Law of Mind + Believe

စိတ်နှင့် ယုံကြည်မှု ဥပဒေသ ၈၁

7. The Law of Mind + Depression

စိတ်နှင့် စိတ်ဓာတ်ကျမှု ဥပဒေသ ၈၈

8. The Law of Mind + Commitment

စိတ်နှင့် သံမိဋ္ဌာန် ဥပဒေသ ၉၅

9. The Law of Mind + Anger

စိတ်နှင့် ဒေါသ ဥပဒေသ ၁၀၂

10. The Law of Mind + Love

စိတ်နှင့် ချစ်ခြင်းစွမ်းအား ဥပဒေသ ၁၁၀

11. The Law of Mind + Religious

စိတ်နှင့် ဘာသာတရား ဥပဒေသ ၁၁၈

12. The Law of Mind + Visualization

စိတ်နှင့် ပုံရိပ်ဖော်တွေးမြင်မှု ဥပဒေသ ၁၂၆

13. The Law of Mind + Decision

စိတ်နှင့် ဆုံးဖြတ်မှု ဥပဒေသ ၁၃၂

14. The Law of Mind + Quotient

စိတ်နှင့် စွမ်းရည်သတ္တိပြည့်စုံမှု ဥပဒေသ ၁၃၈

15. The Law of Mind + Brain

စိတ်နှင့် ဦးနှောက်စွမ်းအား ဥပဒေသ ၁၄၆

16. The Law of Mind + Attraction

စိတ်နှင့် ညို့ငင်စွမ်းအား ဥပဒေသ ၁၅၄

17. The Law of Mind + Body

စိတ်နှင့် ခန္ဓာ ဥပဒေသ ၁၆၀

18. The Law of Mind + Change

စိတ်နှင့် ပြောင်းလဲကြိုးစားမှု ဥပဒေသ ၁၆၉

19. The Law of Mind + Role-Model

စိတ်နှင့် စံနမူနာထားမှု ဥပဒေသ ၁၇၇

20. The Law of Mind + Goal

စိတ်နှင့် ရည်မှန်းကြိုးစားမှု ဥပဒေသ ၁၈၄

21. The Law of Mind + Work

စိတ်နှင့် အလုပ်လုပ်ခြင်း ဥပဒေသ ၁၉၂

22. The Law of Mind + Communication

စိတ်နှင့် စကားပြောဆိုမှု ဥပဒေသ ၂၀၀

23. The Law of Mind + Nothing

စိတ်နှင့် ဘာမှမရှိခြင်း ဥပဒေသ ၂၀၇

24. The Law of Mind + Teacher

စိတ်နှင့် ဆရာသခင် ဥပဒေသ ၂၁၄

25. The Law of Mind + Leadership

စိတ်နှင့် ဦးဆောင်မှု ဥပဒေသ ၂၂၂

26. The Law of Mind + Success

စိတ်နှင့် အောင်မြင်ခြင်း ဥပဒေသ ၂၃၁

27. The Law of Mind + Wealthy

စိတ်နှင့် ကြွယ်ဝချမ်းသာမှု ဥပဒေသ ၂၄၁

28. The Law of Mind + Balance

စိတ်နှင့် နှစ်ဖက်မျှတခြင်း ဥပဒေသ ၂၄၉

29. The Law of Mind + Q & A

စိတ်နှင့် မေးခွန်းတိုင်း အဖြေရှာ ဥပဒေသ ၂၅၈

30. The Law of Mind + Life

စိတ်နှင့် ဘဝ ဥပဒေသ ၂၆၅

❖ 30 Laws of Conclusion

ဥပဒေသအားလုံးတို့၏ အနှစ်ချုပ် ၂၇၃

❖ ဆရာဇင်ဖြိုးပိုင်၏ စာဖတ်ပရိတ်သတ်များ ၂၇၈

# MYANMAR ENTREPRENEUR SME INSTITUTE

အနာဂတ်စီးပွားရေးခေါင်းဆောင်ဖြစ်ဖို့ MESI မှာ ကျောင်းတက်ကြပါစို့











Business Institute


























# ဆရာဦးဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း

ဆရာဦးဇင်ဖြိုးပိုင်သည် MESI Business Institute သင်တန်းကျောင်းအား ဦးစီးထူထောင်ထားပြီး CEO နှင့် Principal တစ်ဦးအဖြစ် တာဝန်ယူထားလျက် မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း ၂၈ မြို့အထိ စီမံခန့်ခွဲမှုဆိုင် Seminar များ၊ အင်္ဂလန် နိုင်ငံအသိအမှတ်ပြု UK Diploma သင်တန်များဖြင့် စီမံခန့်ခွဲမှု သင်သန်းသား ပေါင်း (၁၀၀၀)ကျော်သို့ သင်တန်းများလည်း ပို့ချခဲ့ပြီးဖြစ်ပါသည်။

ဆရာသည် စင်္ကာပူနိုင်ငံတွင် စီးပွားရေးဖြင့် ကျောင်းပြီးထားပြီး ယခုတွင် Switzer Land နိုင်ငံ၊ Poland နိုင်ငံတို့မှ International

Management နှင့် Business Administration မဟာဘွဲ့များ တက်ရောက်ထားပြီးဖြစ်ပါသည်။ ဆရာသည် www.bagantrade.com နိုင်ငံတကာ (B2B) အွန်လိုင်းစီးပွားရေး လုပ်ငန်းများတွင် အဖွဲ့ဝင် Director အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ စွန့်ဦးတီထွင် တိုးတက်ရေး UNIDO ကမ္ဘာ့ကုလသမဂ္ဂ UN စီမံချက် အတွက် စီးပွားရေးအကြံပေးလုပ်ငန်းများအား ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံစီးပွားရေး တိုးတက်ရေးအတွက် SMEs ဌာနများ၊ MOC စီးပွားကူးသန်း ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို ကုမ္ပဏီများ Telenor ကိုယ်စားလှယ်များ၊ Shopping Mall များတွင် ကုမ္ပဏီအကြံပေးအဖြစ်ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီဖိတ်ခေါ်ဝန်ထမ်းစွမ်းရည်မြင့် သင်တန်းများကိုလည်း အခါအားလျော်စွာ ပို့ချပေးလျက်ရှိပါသည်။

ဆရာသည် Best Seller No (1) စာရင်းဝင် ကုမ္ပဏီစီမံခန့်ခွဲမှု မဟာဗျူဟာ စာအုပ်အား ပါဝင်ရေးသားပြုစု ထုတ်ဝေထားပါသည်။ ဆရာသည် MRTV-4 MRTV, Myanmar Time, City FM သတင်းမီဒီယာများတွင်လည်း စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အင်တာဗျူးများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ဆရာသည် www.mesimagazine.com (အွန်လိုင်းစီးပွားရေး မဂ္ဂဇင်း) ဝက်ဘ်ဆိုက်များအား ဦးစီးထူထောင်ထားပြီး MESI Enterpreneur SMEs (Facebook Page) တွင် စီမံခန့်ခွဲမှုဆောင်းပါးများအား လစဉ်ရေးသားဖော်ပြပေးလျက်ရှိပါသည်။

ဆရာသည် အာစီယံနိုင်ငံ (စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်)နိုင်ငံများသို့ စီးပွားရေးလေ့လာရေးခရီးများသွားရောက်ထားပြီး အခါအားလျော်စွာ စင်္ကာ

ပူနိုင်ငံတွင် ကမ္ဘာ့နံပါတ်(၁) Tony Robbin ၏ အောင်မြင်ရေးသင်တန်းများ၊ Millionaire Mind သန်းကြွယ်သူဌေးတို့၏ စိတ်ဓာတ်သင်တန်းများအား စင်ကာပူတွင် သွားရောက်လေ့လာထားပြီး Life Winning Management စာအုပ်၊ Mastery Business Millionaire (ထူးချွန်ကျွမ်းကျင် မီလျံနာ စီးပွားရေးဦးဆောင်ရှင်) စာအုပ်နှင့် Change Management Leadership (ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှု) စာအုပ်အားရေးသားပြုစု ထုတ်ဝေထားပါသည်။ ဆရာသည် လက်ရှိတွင် Business Consultant အဖြစ် အကြံပေးခြင်း၊ Trainer အဖြစ် သင်တန်းများ ဟောပြောပို့ချခြင်းနှင့် အသိပညာဖြင့် ဘဝကို အသက်မွေးလျက်ရှိပါသည်။

❖ ❖ ❖

# စာရေးသူ၏ အမှာစာ

ယခုစာအုပ်မှ ဘယ်လိုအကျိုးထူးရရှိစေမလဲ

*************************

ဒီစာအုပ်ပါ အကြောင်းအရာအားလုံးကို မယုံကြည်ပါနဲ့ ကိုယ်တိုင် လေ့ကျင့်အသုံးချပြီးမှ ကိုယ်တွေ့ဖြစ်မှ ယုံကြည်ဖို့အကြံပြုလိုက်ပါတယ်။ အကျိုးကိုစဉ်းစားပြီး အကြောင်းကိုဖန်တီးကြိုးစားကြသလို အကြောင်းကို ဖန်တီးပြီး အကျိုးကျေးဇူးများစွာ ရရှိလာနိုင်မည်မှာ အမှန်ပါ။ အားလုံးအ တွက် အဓိကဖြစ်တဲ့ ဒီဥပဒေသ Law 30 ရဲ့ စွမ်းအားတွေကို ပိုင်ဆိုင်နိုင် ပြီဆိုရင်. . . သင်ဆင်းရဲခဲ့ပါစေ. . . ချမ်းသာအောင်ကြိုးစားနိုင်ပါပြီ။ သင် ကျရှုံးခဲ့ပါစေ. . . အောင်မြင်ဖို့ကြိုးစားနိုင်ပါပြီ။

ဘဝမှာ အရာရာဟာ ကေန်မုချအောင်မြင်လာတော့မှာဖြစ်ပါတယ်။ ဒီစာအုပ်ဟာ သီအိုရီသက်သက်မဟုတ်ပဲ ကျွန်တော့်ဘဝရဲ့ အတွေ့အကြုံ တွေကိုစုစည်းလျှက် လူတစ်ဦးချင်းစီရဲ့ ဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးနိုင်ဖို့ စိတ်ခွန်အားပေးစာအုပ်အဖြစ်လည်းကောင်း၊ ဘဝရေးရာစီမံရေး စာအုပ်အဖြစ်လည်းကောင်း၊ အောင်မြင်ရေးတက်ကျမ်းအဖြစ်လည်းကောင်း၊ ကျွန်တော့်ဘဝ အသက် (၃၀) ပြည့်ခဲ့ပြီးသော ခရီးမှာ တွေ့ကြုံခဲ့သမျှ အဆိုး အကောင်း၊ ကျရှုံးမှု၊ အောင်မြင်ခဲ့ သမျှ နည်းလမ်းများကို အားလုံးအတွက် လက်တွေ့ပြန်လည်အသုံးချစေနိုင်ဖို့ စုစည်းတင်ဆက်ထားပါတယ်။

## သင်ဟာ အတိုင်းအဆမသိတဲ့ တန်ခိုးသတ္တိရှိသူဆိုတာ ယုံကြည်ပါသလား

တကယ်တမ်း လူသားတိုင်းဟာ တန်ခိုးသတ္တိစိတ်စွမ်းအားများစွာ ရှိနေတယ်ဆိုတာ ယုံကြည်စေချင်ပါတယ်။ လူသားတိုင်းရဲ့ စိတ်စွမ်းအားဆိုတာ အတိုင်းအဆမသိ ဆန်းကြယ်ပြီး သိစရာရှိသလောက် ညာဏ်ဆိုတာ သိနိုင်စွမ်းရှိတယ်။ ညာဏ်မှီသလောက် လောကမှာအရာရာသိနိုင်စွမ်းရှိတယ် လောကမှာ အရာရာကို ညာဏ်ပညာ၊ စိတ်စွမ်းအားတို့နဲ့ ဖန်တီးပုံဖော်နိုင်စွမ်းရှိတယ်ဆိုတာ ယုံကြည်ထားဖို့အားပေးလိုက်ပါတယ်။ ညာဏ်ပညာဆိုတာ လေ့လာခြင်းနဲ့ လေ့ကျင့်ယူခြင်းရဲ့ အစွမ်းတန်ခိုးပင်ဖြစ်ပါတယ်။

Everything is Emotion - Emotion is Everything.

အရာအားလုံးကြောင့် စိတ်ခံစားမှုကို ဖန်တီးတယ်။

စိတ်ခံစားမှုကြောင့် အရာအားလုံးကို ဖန်တီးနေတယ်။

လူသားအားလုံးတို့၏ စိတ်ခံစားမှုနဲ့ စိတ်ဆန္ဒနဲ့အတူ ကြိုးစားပုံဖော်မှုသည်သာ အရာရာကို ဖန်တီးလာနိုင်မှာဖြစ်ပါတယ်။ One Person Can Change The World - လူသားတစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲနိုင်စွမ်းရှိပါတယ်။ ကမ္ဘာကြီးထဲမှ ရှိနေသမျှ အရာအားလုံးတို့သည် လူသားတို့၏ ဖန်တီးထားခြင်းဖြစ်တယ်ဆိုရင် အားလုံးဟာ စကြာဝဠာထဲမှ လူသားတစ်ဦးဖြစ်တာမို့ အရာရာကို စိတ်ရဲ့ယုံကြည်စွမ်းအားနဲ့အတူ ဖန်တီးရယူနိုင်ဖို့ ဒီစာအုပ်မှ နည်းလမ်းကောင်းများစွာ ပေးနိုင်ဖို့ အားထုတ်ရေးသားပေးလျှက်. . . .။

Mind Power is Most Power လောကမှာ ခွန်အား အကြီးဆုံးအရာဟာ စိတ်ခွန်အားပါပဲ။

I am Master of my Life ကိုယ်တိုင် ကိုယ်ဘဝရဲ့ အရှင်သခင် ဦးဆောင်သူအဖြစ်နဲ့ ကြိုးစားနေပါ။

(I Can Do It) ကိုယ်တိုင်လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုနဲ့အတူ စိတ်စွမ်းအားတို့နဲ့ အတိုင်းအဆ၊ အကန့်အသတ်မသိတဲ့ စကြာဝဠာမှ အရာရာကို ဖန်တီးရယူနိုင်သူဖြစ်ပါစေ။

ကျေးဇူးရှင် ဆရာသခင်အားလုံးသို့ ဂါရဝထားလျှက်

*******************************

အားလုံးရဲ့ဆရာသခင်မြတ်စွာဘုရားရှင်၏တရားတော်တွေရဲ့ဆုံးမမှုနဲ့အတူ မိခင်-ဖခင်တို့၏လမ်းညွှန်မှုနှင့် ဆရာသခင်တို့ရဲ့ သင်ကြားပို့ချပေးမှုနဲ့ မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တို့၏ ပံ့ပိုးကူညီအားပေးမှုအကြံဉာဏ်တွေနဲ့အတူ ပတ်ဝန်းကျင်ရဲ့လိုအပ်ချက်တွေကို သုသေသနပြုစုရေးသားထားလို့ အားလုံးသော လူမှုဝန်းကျင်အတွက် အကျိုးရှိစေရမည်ဟု ယုံကြည်ချက်ဖြင့် ရေးသားပြုစုထားပါတယ်။

ပြည်တွင်းသာမက၊ ပြည်ပမှရှိကြတဲ့ ဆရာသခင်၊ ကျေးဇူးရှင်များအားလုံး၏ နည်းပေးလမ်းပြ သင်ယူခဲ့လို့သာ ယခုကဲ့သို့ (Secret of Mind Power) စိတ်စွမ်းအားတို့၏ လျှို့ဝှက်ချက် စာအုပ်တစ်အုပ် ရေးသားနိုင်ခြင်းဖြစ်တယ်လို့ ခံယူထားပါတယ်။ အနာဂတ်လူငယ်ခေါင်းဆောင်တိုင်းသို့ အကောင်းဆုံးသော အကြံပေးချက်အနေနဲ့ . . . Leader are Learner

Learner from Leader ခေါင်းဆောင်ဆိုတာ လေ့လာနေသူ ခေါင်းဆောင်များထံမှ လေ့လာသင်ယူနေဖို့ပါ။

အတိုင်းအဆမသိသော စကြာဝဠာကြီးမှာ အမှန်တရားများစွာရှိနေဦးမှာပါ။ လေ့လာရင်း၊ သင်ယူရင်း၊ ရှာဖွေရင်းဖြင့် ကိုယ်တိုင်ဦးဆောင်သော ဘဝရဲ့အရှင်သခင်ဖြစ်ဖို့. . . . .

## Incantation & Commitment (သံမံဋ္ဌါန်ရွက်ဆိုရန်. . . )

***************

I am Master of my Mind (ငါ၏ စိတ်သည်သာ ငါ၏ အရှင်သခင်ဖြစ်သည်)

Everthing is inside my Mind (ငါလိုချင်တဲ့ အရာအားလုံး ငါ၏ စိတ်ထဲတွင်ရှိ၏)

I Believe Myself, I Can Do It (ငါ ယုံကြည်နေတယ်..ငါလုပ်နိုင်ပါတယ်)

စိတ်စွမ်းအားသည်သာ အကြီးဆုံးစွမ်းအား

မဖြစ်မနေလုပ်လျှင် လုပ်နိုင်ပါတယ်

ဆန္ဒမွန်ဖြင့်

ဇင်ဖြိုးပိုင် (MESI)

## ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ

******************

ဒီစာအုပ်ကို ဖတ်ရှုရာတွင် အလုံးစုံကို ယုံကြည်ရမည်၊ လက်ခံရမည်၊ မှန်ကန်လိမ့်မည်ဟု မယူဆစေချင်ပါဘူး၊ ကိုယ်တိုင် လက်တွေ့ တွေ့ကြုံနေရတဲ့ အခြေအနေအပေါ် မူတည်ပြီး မှန်ကန်သလား ချင့်ချိန်စဉ်းစားကြည့်ပါ။ ပညာဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှား၊ အမှန်ကို ခွဲခြားပြီး ပိုမိုကောင်းဖို့ ဆုံးဖြတ်နိုင်စွမ်းသော အတက်ပညာပင်ဖြစ်ပါတယ်။ ကိုယ်တိုင်တွေးခေါ်လက်ခံယုံကြည်မှုရှိမှသာ ဤစာအုပ်ပါ လမ်းညွှန်ချက်တွေအတိုင်း လူမှုရေး၊ စီးပွားရေး၊ ဘဝရေးရာ အဖြာဖြာတိုးတက်အောင်မြင်ဖို့ အားပေးလိုက်ပါတယ်။

စာတစ်အုပ်၊ အကြောင်းအရာတစ်ခုကို အပြည့်အဝ နားလည်ဖို့ဆိုရာမှာ (၁) Believe အကြောင်းအရာအပေါ်မှာ ယုံကြည်စိတ်ရှိဖို့ (၂) General ရေဘူယျအားဖြင့် (တဖက်သက်) အမိပ္ပါယ် သတ်မှတ်ချက်တွေကို အစွဲမထားဖို့နဲ့ (၃) Intresting လေ့လာနေတဲ့ အကြောင်းအရာ

အပေါ်မှာ စိတ်ပါဝင်စားမှု၊ အာရုံစူးစိုက်မှုအပြည့်ရှိဖို့ဆိုတဲ့ ယခုအချက် (၃-ချက်) ကို လိုက်နာပြီး အသိပညာအနှစ်သာရ တန်ဖိုးတွေကို ရရှိစေဖို့ တိုက်တွန်းလိုက်ပါတယ်။

အကြောင်းအရာအားလုံးထဲမှ မိမိယုံကြည်မှုရှိတဲ့အပိုင်းများကိုတွေး ခေါ်ယူဆကြည့်ပါ။

ဖော်ပြထားတဲ့ လမ်းညွှန်ချက်တွေကို သေချာနားလည်သဘောက် ပေါက်အောင်လေ့လာပါ။

စာဖတ်ရင်း မျက်လုံးထဲမှာမြင်လာအောင် ပုံဖော်တွေးခေါ်ပါ၊ ဆက် နွယ်မှုတွေကို ထပ်မံစဉ်းစားပါ။

ကြိုက်နှစ်သက်သော အကြောင်းအရာများကို မျဉ်းတား၊ ဘောင် ခတ် အမှတ်အသားများပြုပါ။

တချို့သော အရေးကြီးတဲ့အချက်များကို မသိစိတ်ထဲသို့ရောက် အောင် ထပ်ခါထပ်ခါဖတ်ရှုပါ။

ကြိုက်နှစ်သက်တဲ့ တချို့အချက်များကို ကိုယ်ပိုင်မှတ်စုစာအုပ်ထဲ တွင် ပြန်လည်ပြုစုထားပါ။

ပတ်ဝန်းကျင်သို့ လုပ်ဖော်ကိုင်ဖက်များသို့ စာအုပ်ပါအမြင်များ ဖလှယ်ပြီး ဆွေးနွေးမှုဝေကြည့်ပါ။

တစ်လတစ်ခါ ပြန်လည်ဖတ်ရှုပြီး ပြောင်းလဲတိုးတက်မှုသို့ လက် တွေ့စီမံခန့်ခွဲဦးဆောင်သွားပါ။

အသိပညာတစ်ခုကို တဖက်ကမ်းကမ်းကျင်ဖို့ လေ့လာတဲ့အခါ (Learn-လေ့လာလိုစိတ်)ပြင်းပြမှုရှိဖို့လိုအပ်ပြီး(Unlearn-မခံယူအပ်သော

အယူအဆအမှားတွေကို ပယ်ထုတ်နိုင်ဖို့နဲ့ (Relearn လေ့လာပြီးသော အရာတွေကို ထူးချွန်ကျွမ်းကျင်ဖို့) ထပ်ခါထပ်ခါ လေ့လာနေမှသာ စာတွေ့ လက်တွေ့နယ်ပယ်မှာ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှုတွေကို ဖန်တီးသွားနိုင်မှာ အသေချာပင်ဖြစ်ပါတယ်။

လောကစကြာဝဠာမှာ မမြင်နိုင်သော ဆန်းကြယ်အံ့ဩမှုများနဲ့ ပြည့်နက်နေပါတယ်။ ယခင်မသိတာတွေ ယခုသိရှိနားလည်ကြိုးစားလာသလို၊ နောင်မှာလည်း ပညာတွေ စဉ်ဆက်မပျက်လေ့လာရင်း မသိတာတွေကို မရှိတာတွေများစွာပိုင်ဆိုင်နိုင်မှာဆိုတဲ့ ယုံကြည်ချက် Though အတွေးသည်၊ Action လုပ်ဆောင်မှုကိုဖြစ်စေပြီး၊ Result ရလဒ်ကောင်းတွေကို ဖန်တီးသွားနိုင်တာမို့ အသိပညာဦးဆောင်မှုဖြင့် ဘဝရဲ့ရည်မှန်းချက်တွေကို ဖန်တီးသွားစေပါ။

အချိန်တိုတို အကျိုးရှိရှိ စာပေဖတ်ရှုလေ့လာနည်း

*****************************

အရေးကြီးတာ အရေးမကြီးတာ ၈၀ % လေ့လာခြင်းဟာ ဘဝမှာ သိချင်တာ သိသင့်တာ ၂၀ % ပညာကိုပဲ သိရှိစေပါတယ်။

အဓိကဖြစ်တာ အရေးကြီးတာ ၂၀ % လေ့လာခြင်းဟာ ဘဝမှာ သိသင့်တာ လိုအပ်တာ ၈၀ % ပညာကို ရရှိစေနိုင်ပါတယ်။

စာပေဖတ်ရှုလေ့လာပြီးတဲ့အခါမှာလည်း Practice make Professional လက်တွေ့ကြိုးစားမှုသာ ကျွမ်းကျင်တက်မြောက်ခြင်းဖြစ်တာမို့ (Knowledge + Practice = Result) ဆိုတဲ့ နိယာမအတိုင်း အသိပညာ

၊ လက်တွေ့ကြိုးစားမှု၊ ရလဒ်ဖန်တီးမှု) ဖြစ်စေနိုင်ဖို့ အားထုတ်ကြိုးစားလျှက် တိုးတက်အောင်မြင်ကြပါစေ စိတ်ဆန္ဒပြင်းပြစွာနဲ့အားပေးလိုက်ပါရစေ။

## ကြီးကြယ်မြင့်မြတ်မှုတွေကိုပိုင်ဆိုင်စေတဲ့ BIG

B Book (စာပေအသိပညာများ လေ့လာဖတ်ရှုပါ)

I Individual (မိတ်ဆွေအဆက်အသွယ်များပါစေ)

G Goal (ရည်မှန်းချက်ကြီးမားအောင်မြင်ပါစေ)

လူသားတို့၏ ဘဝတွေကို ပုံစံမတူစွာ ရှင်သန်ရပ်တည်စေတာ ပညာပါ။ အသိပညာဆိုတာ စာအုပ်စာပေမှ သင်ယူလေ့လာခြင်းပင်ဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ် (၁) လူကြိုက်များဆုံးသော Think & Growth Rich စာအုပ်ဖြစ်လာဖို့ ဒေါ်လာ (၅-သန်း) ပေးပြီး စာရေးဆရာ နပိုလီယံဟေး အား ရေးသားမှုဝေစာအုပ်ထုတ်စေခဲ့တယ်။ ယခုအချိန်မှာ ထိုစာအုပ်သည် ကမ္ဘာမှာ ဒေါ်လာ (သန်း ၅၀) မက လူသားတို့ရဲ့ဘဝတွေကို ပြောင်းလဲစေနိုင်ခဲ့ပါပြီ။ ယနေ့ကမ္ဘာမှာ စာဖတ်နှုန်းတွေမြင့်လာပြီဖြစ်သလို ၂၁ ရာစု အသိပညာအတတ်ပညာနဲ့ဦးဆောင်လာတဲ့ခေတ်မှာ အသိပညာဦးဆောင်မှုဖြင့် လူမှုဝန်းကျင်သို့ အားလုံးတိုးတက်ပြောင်းလဲစေဖို့ ယုံကြည်အားပေးလိုက်ပါတယ်။

အတိုင်းအဆမသိ ပြောင်းလဲနေတာဟာ လူမှုဘဝတွေပဲဖြစ်ပါတယ်။ လူသားတဦးရဲ့ ဘဝဟာ အတိုင်းအဆမရှိ တန်ဖိုးကြီးမြတ်လှပါတယ်။ လူသားတစ်ဦးရဲ့ ဘဝတစ်ခု အောင်မြင်လာရင် အနီးစပ်ဆုံးဖြစ်တဲ့

မိမိ မိသားစု၊ မိမိ ပတ်ဝန်းကျင်သို့ အကျိုးပြုပေးနိုင်သလို၊ ပိုမိုတန်ဖိုးရှိတဲ့ လူတစ်ဦးဖြစ်လာရင်တော့ နိုင်ငံအတွက်၊ လူသန်းပေါင်းများစွာအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ပေးနိုင်တဲ့ ဘဝအထိ တန်ဖိုးမြင့် ပြောင်းလဲသွားစေနိုင်တာမို့ လူတိုင်းပြောင်းလဲရေးအတွက် အခြေခံလိုအပ်ချက် (၂-ရပ်) ဖြစ်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အတွက် ယခုစာအုပ်သစ် (Secret of Mind Power စိတ်စွမ်းအားတို့၏ လျှို့ဝှက်ချက်) စာအုပ်နဲ့အတူ စိတ်စွမ်းအားတို့ဖြင့် အရာရာကိုဖန်တီးကြိုးစားနိုင်ပုံများကို ကိုယ်တွေ့အဖြစ်အပျက်သာဓကများ၊ အကြိုက်ဆုံးသော နည်းလမ်းကောင်းများနှင့် (စု၊ တု၊ ပြု) ရေးသားမှတ်တမ်းပြုလိုက်ပါတယ်။

❖ ❖ ❖

## Incantation & Commitment (သံဓိဋ္ဌါန်ရွက်ဆိုရန်. . . )

***************

I am Master of my Mind (ငါ၏ စိတ်သည်သာ ငါ၏ အရှင်သခင်ဖြစ်သည်)

Everthing is inside my Mind (ငါလိုချင်တဲ့ အရာအားလုံး ငါ၏ စိတ်ထဲတွင်ရှိ၏)

I Believe Myself, I Can Do It (ငါ ယုံကြည်နေတယ်◦◦ငါလုပ်နိုင်ပါတယ်)